# အသည်းရောင်အသားဝါ ဘီ။ ။

## သင့်မှာ အန္တရာယ် ရှိသလား။

### အသည်းရောင်အသားဝါ ဘီဆိုတာ ဘာလဲ။

အသည်းရောင်အသားဝါ ဘီဆိုတာ အသည်းရောဂါတစ်ခုပါ။ အသည်းရောင်အသားဝါ ဘီ ပိုင်းရပ်စ်ပိုးကြောင့် ဖြစ်တာပါ။ အသည်းရောင်အသားဝါ ဘီဖြစ်သူတချို့ အတွက် ဒီပိုင်းရပ်စ်ပိုးက ကိုယ်ခန္ဓာထဲမှာနေပြီး တစ်သက်လုံး ဖျားနာစေပါတယ်။ အသည်းရောင်အသားဝါ ဘီကြောင့် အချိန်ကြာလာတဲ့အခါ ကြီးလေးတဲ့ ကျန်းမာရေးပြဿနာတွေ ဖြစ်စေနိုင်ပါတယ်။ ဒီပြဿနာတွေထဲမှာ အသည်းကင်ဆာနဲ့ အသည်းပျက်စီးတာတို့ ပါနိုင်ပါတယ်။

### အသည်းရောင်အသားဝါ ဘီ ဘယ်လိုပြန့်ပွားသလဲ။

အသည်းရောင်အသားဝါ ဘီ ရောဂါရှိတဲ့လူတစ်ယောက်ရဲ့ သွေးနဲ့ လူတစ်ယောက်က ထိတွေ့တဲ့အခါ ရောဂါပြန့်ပွားပါတယ်။ မြန်မာပြည်မှာနဲ့ တခြားအာရှနိုင်ငံတွေမှာ မွေးပြီး အသည်းရောင်အသားဝါ ဘီ ရှိသူအများစုက မွေးကင်းစ ဒါမှမဟုတ် ကလေးသူငယ်ဘဝတုန်းက ရောဂါပိုး ကူးစက်ခဲ့တာ ဖြစ်ပါတယ်။ ရောဂါပိုးရှိသူ မိခင်တစ်ယောက်က မီးဖွားချိန်မှာ သူ့ကလေးကို အသည်းရောင်အသားဝါ ဘီ ပေးလိုက်နိုင်ပြီး မိသားစုထဲက တစ်ယောက်ယောက်ကလည်း ကလေးသူငယ်တွေကို ပေးလိုက်နိုင်ပါတယ်။

အသည်းရောင်အသားဝါ ဘီက မျိုးရိုးလိုက်တဲ့ ရောဂါတစ်ခု မဟုတ်ပါဘူး။ ရောဂါရှိသူတစ်ယောက်နဲ့ အစာအတူတူစားရာက၊ ခွက်တွေ၊ ဇွန်းခက်ရင်းတွေ အတူတူသုံးရာကလည်း အသည်းရောင်အသားဝါ ဘီ မရပါဘူး။ မိခင်နို့တိုက်တာ၊ ဖက်တာ၊ နမ်းတာ၊ လက်ကိုင်တာ၊ ချောင်းဆိုးတာ၊ နှာချေတာတို့ကလည်း အသည်းရောင်အသားဝါ ဘီ မပြန့်ပွားပါဘူး။

### အသည်းရောင်အသားဝါ ဘီကို ဘယ်လောက် များများတွေ့ရသလဲ။

မြန်မာပြည်နဲ့ တခြားအာရှနိုင်ငံတွေမှာ အသည်းရောင်အသားဝါ ဘီကို အများအပြားတွေ့ရပါတယ်။ ခန့်မှန်းခြေ အာရှသား ၁၂ ယောက်မှာ ၁ ယောက်မှာ အသည်းရောင်အသားဝါ ဘီ ရှိနေပေမဲ့ လူအများစုက မသိကြပါဘူး။

### အသည်းရောင်အသားဝါ ဘီရဲ့ လက္ခဏာတွေက ဘာတွေလဲ။

အသည်းရောင်အသားဝါ ဘီရှိသူ အများစုက ရှိလို့ရှိမှန်း မသိကြပါဘူး။ ဒီရောဂါကြောင့် လက္ခဏာတွေ အမြဲပေါ် ပေါက်တာ မဟုတ်ပါဘူး။ အသည်းရောင်အသားဝါ ဘီက ကိုယ်ခန္ဓာထဲမှာ ပုန်းနေနိုင်ပါတယ်။ လူအတော်များများက အနှစ် ၂၀ ကြာ နေထိုင်မကောင်းမဖြစ်ဘဲ အသည်းရောင်အသားဝါ ဘီနဲ့ နေနိုင်ကြပါတယ်။ ဒါပေမဲ့ ဒီအချိန်အတွင်းမှာ အသည်းပျက်စီးနိုင်ပါတယ်။

### အသည်းရောင်အသားဝါ ဘီက ဘယ်လောက် ကြီးလေးသလဲ။

အသည်းရောင်အသားဝါ ဘီက အရမ်းကြီးလေးလာနိုင်ပါတယ်။ တချို့ လူတွေအတွက် ဒီရောဂါကြောင့် အသည်းပျက်စီးတာ ဒါမှမဟုတ် ကင်ဆာတို့လို အသည်းထိခိုက်တာ ဖြစ်သွားနိုင်ပါတယ်။

### ၄င်းတို့မှာ အသည်းရောင်အသားဝါ ဘီရှိမရှိ လူတွေက ဘယ်လိုသိမလဲ။

အသည်းရောင်အသားဝါ ဘီ စမ်းသပ်ရင် လူတွေက သူတို့မှာ ရှိမရှိသိပါမယ်။ ဒီစမ်းသပ်ချက်က ရိုးရိုးလေးပါ။ လူတစ်ယောက်ရဲ့ လက်က သွေးနည်းနည်းပဲယူပါတယ်။ ဆရာဝန်တွေက ဒီစမ်းသပ်ချက်ကို အမြဲလုပ်ပေးတာမဟုတ်တော့ စမ်းသပ်ပေးဖို့ ပြောဖို့အရေးကြီးပါတယ်။



### အသည်းရောင်အသားဝါ ဘီ ရှိမရှိ ဘယ်သူတွေကို စမ်းသပ်ရမလဲ။

အောက်ပါတို့အတွက် အသည်းရောင်အသားဝါ ဘီ ရှိမရှိစမ်းသပ်ဖို့ အကြံပြုထားပါတယ်။ ။

- မြန်မာပြည်နဲ့ တခြားအာရှနိုင်ငံတွေမှာ မွေးသူတွေ
- မြန်မာပြည်နဲ့ တခြားအာရှနိုင်ငံတွေက မိဘတွေက မွေးဖွားသူတွေ
- အသည်းရောင်အသားဝါ ဘီ ရှိသူတစ်ယောက်နဲ့ နေတဲ့လူတွေ

### အသည်းရောင်အသားဝါ ဘီ ရှိမရှိ လူတွေကို ဘာလို့ စမ်းသပ်ရမလဲ။

စမ်းသပ်တဲ့အခါမှာ လူတစ်ယောက်ဟာ သူ့မှာ အသည်းရောင်အသားဝါ ဘီ ရှိမရှိ သိသွားပါမယ်။ ကြီးလေးတဲ့ အသည်းထိခိုက်ပျက်စီးမှု မဖြစ်အောင် ကာကွယ်နိုင်တဲ့ အသည်းရောင်အသားဝါ ဘီကုသမှုတွေ ရှိပါတယ်။ အသည်းရောင်အသားဝါ ဘီ ရှိမှန်းသိသွားသူတွေက မိသားစုထဲက တခြားလူတွေကို ကျန်းကျန်းမာမာ ရှိနေအောင်လည်း ထားနိုင်ပါတယ်။ ဒါကြောင့် အမျိုးသမီးတွေ ကိုယ်ဝန်ရှိတဲ့အခါ အသည်းရောင်အသားဝါ ဘီ ရှိမရှိ အမြဲ စမ်းသပ်ပါတယ်။ အသည်းရောင်အသားဝါ ဘီ မရှိဖူးတဲ့ မိသားစုထဲက လူတွေက မရှိအောင် ကာကွယ်ဆေး ထိုးနိုင်ပါတယ်။ အသည်းရောင်အသားဝါ ဘီ ရှိမရှိ စမ်းသပ်လို့ ရတဲ့အဖြေတွေကို လျှို့ဝှက်ထားပါမယ်။ အသည်းရောင်အသားဝါ ဘီ ရှိသူတွေကို အမေရိကန်ပြည်ထောင်စုကနေ အတင်းအကျပ်ထွက်ခွာခိုင်းလို့ မရပါဘူး။ အလုပ်မဖြုတ်နိုင်ပါဘူး။ အတင်းအကျပ် ကျောင်းထွက်ခိုင်းလို့ မရပါဘူး။

### အသည်းရောင်အသားဝါ ဘီကို ဘယ်လိုကုသလဲ။

အသည်းရောင်အသားဝါ ဘီ ရှိတဲ့လူတွေကို ဒီရောဂါအကြောင်း ကောင်းကောင်းသိတဲ့ ဆရာဝန်နဲ့ ပြရပါမယ်။ ဒီဆရာဝန်က အသည်းထိခိုက်မှုကို နှေးစေတဲ့ဆေးတွေ ပေးနိုင်ပါတယ်။ အရှေ့တိုင်းအသည်းဆေးတွေက အသည်းထိခိုက်စေတာ ဒါမှမဟုတ် ဆရာဝန် သောက်ခိုင်းတဲ့ ဆေးတချို့ နဲ့ ပြဿနာပေါ်နိုင်တာကြောင့် မသောက်ခင် ဆရာဝန်ကို အရင်မေးဖို့ အရေးကြီးပါတယ်။

U.S. Department of Health and Human Services
Centers for Disease Control and Prevention

Hep B United™
ကိုယ့်မိသားစုကို ချစ်တယ်ဆိုတာက ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်တာနဲ့ အစပြုပါတယ်၊

October 2013

Burmese Publication No. 221612

# HEPATITIS B

KNOW HEPATITIS B™

## Are You At Risk?

### What is Hepatitis B?

Hepatitis B is a liver disease. It is caused by the Hepatitis B virus. For some people who get Hepatitis B, the virus stays in the body, causing a lifelong illness. Hepatitis B can cause serious health problems over time. These problems can include liver cancer and liver failure.

### How is Hepatitis B spread?

Hepatitis B is spread when someone comes in contact with blood from a person who has the disease. Most people born in Myanmar and other Asian countries who have Hepatitis B were infected as infants or young children. Hepatitis B can be passed from an infected mother to her baby at birth or from a family member to young children.

Hepatitis B is not a genetic disease. People also do not get Hepatitis B from sharing meals, bowls or utensils with someone who has the disease. Hepatitis B is not spread through breastfeeding, hugging, kissing, holding hands, coughing, or sneezing.

### How common is Hepatitis B?

Hepatitis B is very common in Myanmar and other Asian countries. Approximately 1 in 12 Asians are living with Hepatitis B, but most people do not know it.

### What are the symptoms of Hepatitis B?

Most people who have Hepatitis B do not know they have it. The disease does not always cause symptoms. Hepatitis B can stay hidden in the body. Many people can live with Hepatitis B for 20 years without feeling sick. Still, liver damage from the disease can take place during this time.

### How serious is Hepatitis B?

Hepatitis B can become very serious. For some people, this disease leads to liver damage, like liver failure or cancer.

### How do people know if they have Hepatitis B?

A Hepatitis B test lets people know if they have it. This is a simple blood test that takes only a little bit of blood from a person's arm. Doctors do not always do this test, so it is important to ask to be tested.



### Who should be tested for Hepatitis B?

Hepatitis B testing is recommended for:

- People born in Myanmar and other Asian countries
- People whose parents were born in Myanmar and other Asian countries
- People who live with someone who has Hepatitis B

### Why should people be tested for Hepatitis B?

Getting tested lets a person know if he or she has Hepatitis B. There are treatments available for Hepatitis B that can help prevent serious liver damage. People who find out they have Hepatitis B can also keep other family members healthy. This is why women are always tested for Hepatitis B when they are pregnant. Family members who have never had Hepatitis B can get a vaccine to protect them from getting it.

Hepatitis B test results will be kept confidential. People with Hepatitis B cannot be forced to leave the United States. They also cannot be fired from a job, or forced to leave school.

### How is Hepatitis B treated?

People who have Hepatitis B should see a doctor who is very knowledgeable about the disease. The doctor can give medicines that will slow down liver damage. It is important to ask the doctor before taking any Eastern liver medicines because they might hurt the liver or cause problems with some of the medicines prescribed by the doctor.

U.S. Department of Health and Human Services
Centers for Disease Control and Prevention

Hep B United™
hepbunited.org

cdc.gov/knowhepatitisB

October 2013

Publication No. 221612